သာမန်ကာလ တတိယတနင်္ဂနွေနေ့                              ရှင်မာကု ၁:၁၄-၂၀

ယေရှုဘုရားရှင် ဒီလောကကိုဆင်ကြွလာပြီး ပထမဦးဆုံး ဟောပြေတဲ့တရားက "နောင်တရကြလော့တဲ့  ဧဝံဂေလိသတင်းကောင်းကို ယုံကြည်ကြလော့" ဆိုတာပါပဲ။ "နောင်တရကြလော့" ဆိုတာကတော့ ရှေ့ပရောဖတ်တွေအစဉ်အဆက်က လူတွေကို နောင်တရကြဖို့မကြာခဏ ဟောပြော လေ့ရှိပါတယ်။ နောက်ဆုံးပရာဖတ်ဖြစ်တဲ့ သံယောဟန်ဗတ္တိစ္စတာကိုယ်တိုင်ကလည်း လူတွေကိုနောင်တရကြဖို့ဖိတ်ခေါ်ခဲ့ပါတယ်။

ကျနော်တိုလူတွေက နောင်တရကြဖို့ ပြောတဲ့စကားကိုမကြာချင်ကြပါဘူး။ ကိုယ်ကြိုတ်တာကိုယ်လုပ်ချက်ကြတာပါပဲ။ ကိုယ်ကြိုက်တာကိုယ်လုပ်ကြတဲ့အခါ အပြစ်အမှား တွေဖြစ်လာကြတယ်။ ကိုယ်ကြိုက်တာ ကိုယ်လုပ်တဲ့အခါကိုယ့်ကိုယ်ထိခိုက်စတက်တယ်။ သူတပါးကိုထိခိုက် စေတက်တယ်။ အားလုံးခြုံပြောရရင်ဘုရားကိုထိခိုက်ပြစ်မှားမိပါတယ်။ အဲလိုထိခိုက်ပြစ်မှား မိစေမည့်အပြုအမူ၊ အပြောအဆို အကြံအစည် တွေကိုပြုပြင် ပြောင်လဲတာကို နောင်တရတယ်လို့ခေါ်ဆိုနိုင်ပါတယ်။ အဲလို့ထိခိုက်ပြစ်မှာမိတာတွအတွက်ဝမ်းနည်းတယ် နောက်မထိခိုက်မပြစ်မှာမိအာင် ကိုယ့်ကိုယ် ကိုပြုပြင် ပြောင်းလဲဖို့စိတ်ဆုံးဖြတ်တာကို နောင်တရတယ်လို့ ခေါ်ပါတယ်။

ယေရှုဘုရားရှင် ပထမဦးဆုံး ဟောပြောတဲ့တရားတော်ကတော့ " ကောင်းကင်နိုင်ငံတော်သည်တည်လုနီးပြီ နောင်တရကြလော့။ ဧဝံဂေလိတရားတော်ကိုယုံကြည်ကြလော့" တဲ့ ။ ဒါဟာလူ တွေကောင်းကင်နိုင်ငံတော်ထဲမှာ ပါဝင်နိုင်ဖို့အတွက် အဓိကသော့ချက်ကို အနှစ်ချုပ်မိန့်တော်မူသွားပါတယ်။ " ကောင်းကင်နိုင်ငံတော်ဟာတည်လုနီးပြီ" ဘယ်လောက်တာင်နီးပြီလဲ။ သင်ကနောင်တရပြီးဧဝံဂလိတရားတော်ကိုယုံကြည်လိုက်တာနဲ့ သင်ကကောင်းကင်နိုင်ငံတော်ထဲ့ကို ရောက်သွားပြီပဲ အဲ့ဒီလာက်အထိနီးနေပါတယ်။

လက်ဝါးကားတိုင်ပါါက ကောင်းသောသူခိုးကိုကြည့်ပါလား။ သူကနာင်တရတယ် သူကယုံကြည်တယ်။ ဒါကြောင့် " ယနေ့ည ယနေ့ည သင်သည်ငါနဲ့အတူ ကောင်းကင်ဘုံမှာ ရှိလိပ်မယ်" လို့အသေအချာမိန့်တော်မူတာပါပဲ။

ယေရှုဘုရားရှင်ကအဲ့ဒီလို ကောင်းကင်နိုင်ငံတော်ထဲမှာ ပါဝင်ဖို့ဖိတ်ခေါ်ပေမဲ့ သူခေတ်ကလူတွေက နောင်တမရချင်ဘူး။ ယေရှုဘုရားရှင် ဟောပြောတဲ့ ဧဝံဂေလိတရားတော်ကို လက်မခံချင်ကြပါဘူး။ မယုံကြည်ကြပါဘူး။ ဒါပေမဲ့ နောင်တရတဲ့သူ တွေကတော့ ကောင်းကျိုးတွကို ခံစားကြရတာတွရပါတယ်။ သခင်ယေရှုကို (၃) ခါငြင်းပယ်ခဲ့တဲ့ သံပေရှုး နောင်တရခဲ့တယ်။ မာရီယားမာဒလနား နောင်တရခဲ့တယ်။ အသင်းတော်ကိုလိုက်လံညှဥ်းဆဲနေတဲ့သံပေါလူး

နောင်တရခဲ့တယ်။ ယနေ့ဖတ်သွားတဲ့ ပထမကျမ်းစာထဲမှာလည်း နီနီဝေးမြို့သူ မြို့သားတွေလည်း နောင်တရကြလို့ ဘုရားသခင်းက သူတို့ကို ချမ်းသာပေးတော်မူတယ်ဆိုတာ သိရပါတယ်။

ယေဇူးဘုရားရှင်ကမ်းလှမ်းလာတဲ့ ကောင်းကင်နိုင်ငံတော်ထဲမှာ ပါဝင်နိုင်ဖို့ အတွက် နောင်တရတာနဲ့ မပြီးသေးပါဘူး။ ကိုယ့်ဘဝကို ရှေ့ဆက်ပြီးလျှောက်လှမ်းရာမှာ ယေဇူးဘုရားရှင်မိန့်တော်မူတဲ့ သတင်းကောင်းကိုယုံကြည်ဖို့ကအရေးကြီးလှပါတယ်။

ယနေ့ဘုန်းကြီးဖတ်သွားတဲ့ဧဝံဂေလိကျမ်း စာထဲ့မှာသတင်းကောင်းဆိုတဲ့စကားနှစ်ခါကြားခဲ့ရပါတယ်။ ယေဇူးဘုရားရှင် မိန့်တော်မူခဲ့တဲ့တရားတော်တွေအားလုံးက သတင်းကောင်းတွေပါဘဲ။ ဘာဖြစ်လို့လည်းဆိုတော့ အဲဒီတရားတော်တွေထဲမှာ အရာရာကို အကောင်းမြင်တဲ့ဘက်ကနေ ဟောပြောထားတယ်။ အားနည်းတဲ့ သူတွေအတွက် အားပေးနစ်သိပ်ထားတယ်။ မျှော်လင်ချက်မရှိ စိတ်ပျက်နေတဲ့သူတွေ အတွက်သချာတဲ့ ဂတိတော်တွေပေးထားပါတယ်။ ခွင့်လွှတ်ကျေအေးဖို့ အနစ်နာခံကေဆပ်ဖို့၊ ချစ်ဖို့၊ နားလည်ပးဖို့၊ စေတနာထားပြုပြင်ပးဖို့ ကိုယ့်အပေါ် မကောင်းတဲ့သူ တွေအဖို့ မေတ္တာပို့ဆုတောင်းပးဖို့ ရန်သူကိုတောင်ချစ်ဖို့ ဟောပြောထားတာကြောင့်လူတိုင်အတွက်သတင်းကောင်းဖြစ်ပါတယ်။

ကော်ရိန္သြဝါဒစာပထမစောင် ၁၅: ၃မှာ သံပေါလူးက " ငါသည်မိမိခံယူရရှိ၍ သင်တို့အား လက်ဆင့်ကမ်းပေးသည့် အရေးအကြီးဆုံး အရာမှာ ကျမ်းစာ၌ ရေးထာသည့်အတိုင်းခရစ်တော်သည် ငါတို့၏အပြစ်များအတွက် အသေခံတော်မူကြောင်း ကိုယ်တော်သည် သင်္ဂြိုလ် ခြင်းကို ခံတော်မူပြီး ကျမ်းစာ၌ ရေးထားသည်အတိုင်း သုံးရက်မြောက်သောနေ့၌ ရှင်ပြန်ထမြောက်တော်မူကြောင်း ထို့နောက် ကိုယ်တော်သည် ပေတရူးနှင့် တမန်တော်ကြီးတစ်ဆယ့်နှစ်ပါးတို့အား မိမိကိုယ်ကို ထင်ရှားပြ တော်မူကြောင်း ဟူသည် အချက်ပင်ဖြစ်သည်။

ကျနော်တို့အတွက် အသေခံသည်အထိ ချစ်တဲ့ဘုရား၊ သူကိုယ်တိုင် သေရာမှပြန်ရှင်ပြခြင်းအားဖြင့် ကျနော်တိုကိုလည်း သေရာမှပြန်ရှင်နိုင်တဲ့ဘုရားဆိုတာ သေချာ စေခဲ့ပါတယ်။ ဒါဟာဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းပါဘဲ့။ ဒီသတင်းကောင်းကိုယုံကြည်လက်ခံဖို ယနေကျမ်းစာထဲမှာ ယေဇူးဘုရားရှင်ကာမိန့်တာ့မူပါတယ်။

နောင်တရ၍ဧဝံဂေလိသတင်းကောင်းကို ယုံကြည်ကြလော့ဆိုတဲ့ ယေဇူးဘုရားရှင်ရဲ့ အနှစ်ချုပ်စကားလေးတစ်ခွန်းက ကောင်းကင်နိုင်ငံတော်ထဲ့ သင်ဝင်ရာက်နိုင်ဖို့အဓိကသော့ချက်ပါပဲ။

ဧဝံဂေလိသတင်းကောင်းကိုယုံကြည်တယ်ဆိုတာ ဧဝံဂေလိကျမ်းစာထဲ့မှာပါတဲ့ ယေဇူးဘုရားရှင်ရဲ့တရားတော်တွေကို သဘောတူလက်ခံတယ်ဆိုတာမျိုးဖြစ်ရပါမယ်။ ဒါမှယုံကြည်တယ်လို့ ခေါ်လို့ရမှာပါ့။ ( ဥပမာ) ယေဇူးဘုရားရှင်ရဲ့တရားတော်ဖြစ်တဲ့ "

“သင်၏ရန်သူကိုချစ်လော့" ဆိုတာကိုသဘောတူလက်ခံတယ်။ "ကိုယ့်အပေါ် မကောင်းတဲ့သူအတွက် မေတ္တာပို့ပေးရမယ် " ဆိုတာတာကိုသဘောတူ လက်ခံတယ်။ အကြိမ်(၇၀)(၇) လီခွင့်လွှတ်ရမယ်ဆိုတာကိုလည်း သဘောတူလက်ခံတာကို ယုံကြည်တယ်လိုခေါ်ဆိုနိုင်ပါလိပ်မယ်။

ယေရှုးဘုရားရှင်ရဲ့ဧဝံဂေလိသတင်းကောင်းအတိုင်းလုံးစီပတ်စီ တရားတော်အကုန်လုံးကိုကျင်ကြံနိုင်ချင်မှကျင်ကြံနိုင်မှာပါ။ ဒါပေမဲ့ သတင်း ကောင်းအားလုံးကို လက်ခံသဘောတူတဲ့သူ (တနည်းအားဖြင့်) ယုံကြည်တဲ့သူဖြစ်ရပါမယ်။ ဒါမှသင်ဟာ ကောင်းကင်နိုင်ငံတော်ထဲပါဝင်နိုင်မှာပါ။

တရားတော် အားလုံးကိုကျင့်ကြံနိုင်တဲ့သူ တွေပဲကောင်းကင်နိုင်ငံတော် ရောက်မယ်ဆိုရင်တော့ ဒါဟာသတင်းကောင်းလို့ ခေါ်ဆိုလို့မရပါဘူး။

လက်ဝါးကားတိုင် ပေါ်ကကောင်းတဲ့ သူခိုးတယောက်ရဲ့အဖြစ်အပျက်ကိုကြည့်ပါလား။ သူကကျင့်ကြံနိုင်လို့ ကောင်းကင်ဘုံရောက်တာလား၊ ယုံကြည်နိုင်လို့ ကောင်းကင်ဘုံ ရောက်တာလား ဆိုတာရှင်းပါတယ်။ ဒါကြောင့် မို့လည်း သတင်းကောင်း၊ ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းလို့ ခေါ်တာပါ။ နားစဉ်သူအားလုံးအပေါ်ဘုရားသခင်း ကောင်းကြီးပးပါစေ။